စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၉/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၂၆) ရက်

| ၂၆ - ၁၀ -၂၀၂၃ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၁၅.၅ |
| စင်္ကာပူဒေါ်လာ | ၁,၅၃၁.၆ |
| စတာလင်ပေါင် | ၂,၅၃၉.၃ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၉၇.၃ |
| တရုတ်ယွမ် | ၂၈၆.၉၁ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၅၂ |
| အိန္ဒိယရူပီး | ၂၅.၂၃၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၄.၇၁ |
| မလေးရှားရင်းဂစ် | ၄၃၈.၇၆ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၃၆ |
| ထိုင်းဘတ် | ၅၇.၉၅၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၃၃၁ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

### ▪ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ

➢ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွက် ဂျုံ၊ ပြောင်းနှင့် ဆန် သွင်းကုန်ခွဲတမ်းများ ထုတ်ပြန်ခဲ့

➢ တရုတ်နိုင်ငံတွင် ရေချိုမွေးမြူရေး ငါး၊ ပုစွန်များ အဝယ်လိုက်နေ

### ▪ အထွေထွေသတင်းများ

➢ တရုတ်နှင့် ဆာဘီးယားနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြ

➢ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုအတွက် ခိုင်မာသောတွန်းအား ဖြစ်ပေါ်စေ

➢ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွက် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း ထုတ်ပြန်ခြင်း

## တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွက် ဂျုံ ပြောင်းနှင့် ဆန်သွင်းကုန်ခွဲတမ်းများ ထုတ်ပြန်ခဲ့

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဂျုံ ပြောင်းနှင့် ဆန်တင်သွင်းမှုများအတွက် Tariff Rate Quotas(TRQ) ကို ယခင်နှစ်က ပမာဏအတိုင်း မပြောင်းလဲဘဲ ဆက်လက်သတ်မှတ်ခဲ့ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission-NDRC) ၏ တရားဝင်ဝက်ဘ်ဆိုဒ်မှ အသိပေးထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂၀၂၄ ခုနှစ်အတွက် ပြောင်းတင်သွင်းခွင့် Quota သည် ယခင်နှစ်ကအတိုင်း မက်ထရစ်တန်(၇.၂)သန်းဖြစ်ပြီး အဆိုပါပမာဏအနက်မှ (၆၀)% ကို နိုင်ငံပိုင်လုပ်ငန်းများအား တင်သွင်းခွင့်ပြုကြောင်း၊ ဂျုံတင်သွင်းခွင့် Quota သည်လည်း ယခင်နှစ်ကအတိုင်း မပြောင်းလဲဘဲ မက်ထရစ်တန်(၉.၆၃၆)သန်းဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းများသည် ထိုပမာဏ၏ (၉၀)% ကို တင်သွင်းခွင့်ရရှိကြောင်း သိရှိရပါသည်။

ထို့အတူ ၂၀၂၄ ခုနှစ်အတွက် ဆန်တင်သွင်းခွင့် Quota မှာ မက်ထရစ်တန်ချိန်(၅.၃၂)သန်း သတ်မှတ်ထားပြီး Long grain rice တန်ချိန် (၂.၆၆)သန်းနှင့် medium and short grain rice တန်ချိန်(၂.၆၆)သန်း ဖြစ်ကြောင်း၊ အဆိုပါ ပမာဏ၏ (၅၀)ရာခိုင်နှုန်းကို နိုင်ငံပိုင်လုပ်ငန်းများအား တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

အကောက်ခွန်နှုန်းသက်သာစွာဖြင့် တင်သွင်းခွင့်ပြုသည့်ခွဲတမ်း(Tariff Rate Quotas-TRQ) သည် တရုတ်အစိုးရက ဂျုံ ပြောင်းနှင့် ဆန်များကို ပုံမှန်အကောက်ခွန်နှုန်းထက် သက်သာစွာဖြင့် နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုသောပမာဏသတ်မှတ်ပေးသည့် စနစ်တစ်ခုဖြစ်ပါသည်။

TRQ ၏ ရည်ရွယ်ချက်မှာ တရုတ်ပြည်တွင်း၌ အဆိုပါလယ်ယာထွက်ကုန်(၃) မျိုးကို အမြောက်အမြား တင်သွင်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုကို တားဆီးရန်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် အဆိုပါလယ်ယာထွက်ကုန်များအား သတ်မှတ် Quota အတွင်း၌ တင်သွင်းပါက အနိမ့်ဆုံးအကောက်ခွန်နှုန်းထားမှာ (၁) % ဖြစ်ပြီး TRQ ပမာဏထက်ကျော်လွန် တင်သွင်းပါက အကောက်ခွန် (၆၅)% ကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.agricensus.com/Article/China-leaves-2024-import-tariff-quota-for-corn-wheat-unchanged-31291.html#:~:text=The%20tariff%20quota%20%28TRQ%

Agribusiness & Trade

29%20for%202024%20corn%20was,expected%20to%20account%20for%2090%25%20of%20that%20volume
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

.......................................................................................

## တရုတ်နိုင်ငံတွင် ရေချိုမွေးမြူရေး ငါး၊ ပုစွန်များ အဝယ်လိုက်နေ

ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တင်သွင်းခွင့် တားမြစ်လိုက်ခြင်းကြောင့် တရုတ်နိုင်ငံ၏ ပင်လယ်စာစားသုံးသူများသည် ပြည်တွင်းမှထွက်ရှိသော ငါး၊ ပုစွန်များကို အခြားရွေးချယ်စရာအဖြစ် စားသုံးလာကြကြောင်း သိရှိရပါသည်။

ယခင်က ပင်လယ်နှင့်ဝေးသော တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဆယ်လ်မွန်ငါး၊ သြစတြေးလျပုစွန်နှင့် တောင်အမေရိက ပုစွန်များကဲ့သို့သော ပင်လယ်စာထွက်ကုန်များကို ကမ်းရိုးတန်းဒေသများမှ သယ်ဆောင်ရလေ့ရှိကြောင်း သိရှိရပါသည်။

ယခုအခါ Tianshan တောင်များ၏ နှင်းများနှင့် ရေခဲမြစ်များ အရည်ပျော်ကာ ဒေသတွင်း၌ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ဒေသခံပြည်သူများအတွက် ရှင်းကျန့်တွင် ပင်လယ်စာရရှိရန် လွယ်ကူစေသည့်အပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် ဖန်တီးပေးခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံ၏ Fukushima Daiichi နျူကလီးယား ဓာတ်အားပေးစက်ရုံမှ နျူကလီးယား ညစ်ညမ်းရေဆိုးများ ပစိဖိတ်သမုဒ္ဒရာထဲသို့ စွန့်ပစ်ခဲ့သဖြင့် ပင်လယ်စာနှင့်ပတ်သက်သည့် စိုးရိမ်မှုများကြောင့် တရုတ်နိုင်ငံတွင် ရေချိုမှထွက်ရှိသည့် ရေထွက်ပစ္စည်းများ ပိုမိုရေပန်းစားလာမည်ဟု မျှော်လင့်ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့မှစတင်၍ ဂျပန်နိုင်ငံမှရေထွက် ကုန်ပစ္စည်းများ တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းထားကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။

ပင်လယ်စာများ တင်သွင်းမှုအပေါ် မှီခိုအားထားမှု လျှော့ချခြင်းသည် ရေချိုမွေးမြူရေးမှ ထုတ်လုပ်သည့် ငါး၊ ပုစွန်ဝယ်လိုအားကို မြင့်မားစေပြီး တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းရှိ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုကြီးထွားလာစေရန် အထောက်အကူဖြစ်စေကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိသည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်းကျန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကူကာ(Kuqa) တွင် ရေလှောင်ကန်တစ်ခု၌ မွေးမြူထားသော ကဏန်းများကို မိုးရွာသွန်းမှုကြောင့် လဝက်ခန့် ကြိုတင်၍ ဈေးကွက်တွင် ရောင်းချခဲ့ကြောင်း၊ နှင်းထူထပ်သောတောင်များမှ ရေများ၊ စိမ်းလန်းစိုပြည်သော ရေနေအပင်များနှင့် ကြွယ်ဝသောရေမျောများကြောင့် ကဏန်းများကို ရှင်းကျန့်တွင် ကောင်းစွာမွေးမြူနိုင်ခဲ့ကြောင်း သိရှိရပါသည်။

Kuqa ၌ တောင်အမေရိကပုစွန်ကိုလည်း မွေးမြူထားပြီး Xinjiang Fenghe ရေထွက်ပစ္စည်း မွေးမြူရေးသမဝါယမအသင်းသည် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် တောင်အမေရိကပုစွန်ကို စတင်မွေးမြူခဲ့ပြီး စတင်မွေးမြူချိန်မှ ဈေးကွက်တွင် စတင်ရောင်းချချိန်အထိ ပျမ်းမျှရက်ပေါင်း (၇၀) ကြာမြင့်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါသမဝါယမအသင်းသည် ပုစွန် မက်ထရစ်တန် (၈၀,၀၀၀)ခန့်မွေးမြူထားပြီး တန်ချိန်တစ်သိန်းခန့်ကို အောက်တိုဘာလတွင် ဈေးကွက်အတွင်း စတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ မွေးမြူထားသည့်ပုစွန်များကို နီးစပ်ရာမြို့များသို့ ရောင်းချခဲ့သော်လည်း ဝယ်လိုအားကို ဖြည့်ဆည်းရန် လုံလောက်မှုမရှိကြောင်း သမဝါယမအသင်း၏ ဒါရိုက်တာ Jiang Shengguo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် သမဝါယမအသင်းသည် ပုစွန်မွေးမြူထားသော ဖန်လုံအိမ် (၄၅)လုံးရှိပြီး နှစ်စဉ်ပုစွန်ထွက်ရှိမှု တန်ချိန် (၄၀၀,၀၀၀)နီးပါးအထိရှိလာစေရန် နောက်ထပ် (၂၅)လုံးကို တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

သမဝါယမအသင်းသည် ပုစွန်မျိုးပွားမှုပုံစံသစ်များကို စဉ်ဆက်မပြတ်စူးစမ်းလေ့လာလျက်ရှိပြီး အဆင့်မြင့်နည်းပညာများကို အသုံးပြုရန် စီစဉ်နေကြောင်း၊ ပုစွန်ကို စီးပွားဖြစ်မွေးမြူခြင်းဖြင့် သမဝါယမအသင်းသည် ဆင်းရဲနွမ်းပါးသော မိသားစုများ ဝင်ငွေတိုးတက်စေရန်နှင့် စီးပွားရေးတွင် ပါဝင်လာစေရေး တိုက်တွန်းအားပေးရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေထွက်ကုန်ပစ္စည်း စားသုံးမှုအများဆုံးဈေးကွက်အဖြစ် ရပ်တည်နေပြီး ရေထွက်ကုန်စားသုံးမှုကို စဉ်ဆက်မပြတ် မြှင့်တင်ခြင်းနှင့် စားသုံးသူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့နှင့်အတူ ရေထွက်ကုန်များ ရောင်းချရမှုသည် မကြာသေးမီနှစ်များအတွင်း နိုင်ငံတစ်ဝန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ချုံချင့်(Chongqing)တွင် မွေးမြူထားသော တောင်အမေရိကပုစွန်ဖြူကို Alibaba ၏ လတ်ဆတ်သောအစားအစာများရောင်းချသည့် Freshippo အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုစကြံတွင် မကြာသေးမီက ရောင်းချခဲ့ကြောင်း၊ ပင်လယ်ရေနှင့်ဆင်

Agribusiness & Trade

တူသည့် ဂေဟာစနစ်ကို ဖန်တီးပြီး အကြီးစား ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အကောင်အထည် ဖော်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်က စီချွမ်(Sichuan)ပြည်နယ်နှင့် ချုံချင့်(Chongqing)ဈေးကွက်များတွင် ရောင်းချသော ပင်လယ်ပုစွန်များကို ကမ်းရိုးတန်းမြို့များဖြစ်သည့် Zhanjiang၊ Guangdong နှင့် Lianyun-gang၊ Jiangsu ပြည်နယ်တို့မှ အချိန်ကြာမြင့်စွာ သယ်ယူပို့ဆောင်ကြရသဖြင့် ကုန်ကျစရိတ်ကြီးမြင့်ပြီး ပုစွန်များ၏ လတ်ဆတ်မှုသည်လည်း ကျဆင်းသွားသည်ဟု ချုံချင့်ရှိ Freshippo ၏ ဝယ်ယူရေးမန်နေဂျာ Li Duosi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ချုံချင့်၌ ဒေသခံရေထွက်ပစ္စည်းကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပြီး အဆိုပါ Chongqing Dazu Zero Antibiotics Aquatic Products Co Ltd သည် ပင်လယ်ရေအတုတွင် သေးငယ်သောဇီဝသက်ရှိများကို ပေါင်းထည့်၍ ရေထဲမှ အမှုန်အမွှားများနှင့် ကျန်အမှုန်အမွှားများကို ထိရောက်စွာဖယ်ရှားပေးပြီး ဇီဝလည်ပတ်မှုစနစ်ကို ဖန်တီးပေးခြင်းဖြင့် ပုစွန်မွေးမြူခဲ့ခြင်းဖြစ်ကြောင်းနှင့် ချုံချင့်တွင် ပုစွန်မွေးမြူစရိတ်သည် ကမ်းရိုးတန်းဒေသများထက် ၃၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားကြောင်း သိရှိရပါသည်။

မွေးမြူရေးကန်သည် လာမည့်နှစ်တွင် (၁၅၀,၀၀၀)ကီလိုဂရမ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီချွမ်နှင့် ချုံချင့်ရှိ Freshippo စတိုးဆိုင်ပေါင်း (၃၀)ကျော်အတွက် ပုစွန်အလုံအလောက်ရရှိရန် မျှော်လင့်ထားသည်ဟု ကုမ္ပဏီတည်ထောင်သူ Huan Guoxin က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်တွင်း၌ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်းဝယ်လိုအားကို ပြည့်မီအောင် ထုတ်လုပ်နိုင်မှုမရှိခြင်း၊ ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တင်သွင်းခွင့်ပိတ်ပင်ထားခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့သွားနိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်း သုံးသပ်ရရှိပါသည်။

Source: [www.chinadaily.com.cn/a/202310/10/WS6524a5a1a31090682a5e7a63.htmlw](www.chinadaily.com.cn/a/202310/10/WS6524a5a1a31090682a5e7a63.htmlw)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နှင်းမြို့

……………………………………………………………………………

Agribusiness & Trade

# တရုတ်နှင့် ဆာဘီးယားနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြ

တရုတ်နှင့် ဆားဘီးယား နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ပေကျင်းမြို့တွင် ၁၇-၁၀-၂၀၂၃ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားပါသည်။

အဆိုပါသဘောတူညီချက်သည် တရုတ်နိုင်ငံအနေဖြင့် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်း နိုင်ငံတစ်ခုနှင့် ပထမဦးဆုံး လက်မှတ်ရေးထိုးခဲ့သည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြစ်ပြီး တရုတ်နိုင်ငံက လက်မှတ်ရေးထိုးခဲ့သည့် (၂၂)ခုမြောက် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်လည်းဖြစ်ကြောင်း၊ ဆားဘီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ (၂၉) ခုမြောက် လွတ်လပ်သောကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်လာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟု သိရှိရပါသည်။

တရုတ်-ဆားဘီးယား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် စတင်ခဲ့ပြီး စက်တင်ဘာလကုန်တွင် အပြီးသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ သဘောတူညီချက်မှတစ်ဆင့် တရုတ်နှင့် ဆားဘီးယားနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်သစ်များ ချမှတ်ကာ အပြန်အလှန် ဈေးကွက်ဖွင့်လှစ်ပေးမှုလည်း မြင့်တက်လာမည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖော်ပြထားကြောင်း သိရှိရပါသည်။

ဤသဘောတူညီချက်သည် နှစ်နိုင်ငံစလုံးမှ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုအဆင်ပြေ၍ ပွင့်လင်းပြီး တည်ငြိမ်သော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးမည့်အပြင် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative) ၏ အရည်အသွေးမြင့် တိုးတက်မှုတွင် တွန်းအားသစ်များ ဖြစ်ထွန်းစေပြီး တရုတ်နှင့် ဆားဘီးယားနိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ၎င်းကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်စေရန်အတွက် နှစ်နိုင်ငံစလုံးမှ သက်ဆိုင်ရာပြည်တွင်းလုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202310/17/WS652e89fea31090682a5e90e9.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုအတွက် ခိုင်မာသော တွန်းအားဖြစ်ပေါ်စေ

ကမ္ဘာ့စီးပွားရေးသည် ပြန်လည်နာလန်ထူမှုနှေးကွေးခြင်းနှင့် နိုင်ငံများက ကိုယ်ကျိုးစီးပွားကာကွယ်မှုမြင့်တက်လာခြင်းတို့အပါအဝင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသောကြောင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative– BRI)အောက်တွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုကို မောင်းနှင်ပေးသည့် အဓိက တွန်းအားတစ်ခုဖြစ်ကြောင်း Chinadaily သတင်း၌ ဖော်ပြထားပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI)ကို ၂၀၁၃ ခုနှစ်တွင် စတင်အဆိုပြုခဲ့ပြီးနောက်ပိုင်း၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြင့်တင်ရေး၊ ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ တိုးတက်ကောင်းမွန်ရေးနှင့် ပိုမိုမျှတသောဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေးတို့တွင် ထူးထူးခြားခြားအောင်မြင်မှုများ ရရှိခဲ့သည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အခြေခံအဆောက်အဦပိုင်းတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအဆင်ပြေချောမွေ့စေခြင်းသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို မြန်ဆန်စေသည့် အဓိကမောင်းနှင်အား (၂)ခုဖြစ်ပြီး ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် ကဏ္ဍနှစ်ရပ်စလုံးတွင် ကြီးမားသောအထောက်အပံ့ဖြစ်စေခဲ့သည်ဟု တရုတ်နိုင်ငံတကာကုန်သွယ်မှုအသင်းမှ ကျွမ်းကျင်သူ He Weiwen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တရုတ်နှင့် BRI နိုင်ငံများအကြား သွင်းကုန်နှင့် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁၉.၁) ထရီလီယံရှိပြီး နှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်းမှာ (၆.၄) ရာခိုင်နှုန်းရှိကြောင်း နိုင်ငံတော်ကောင်စီသတင်းပြန်ကြားရေးရုံးက အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်သော စက္ကူဖြူစာတမ်းအရ သိရှိရပါသည်။

အဆိုပါကာလအတွင်း တရုတ်နှင့် မိတ်ဖက်နိုင်ငံများအကြား အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုသည် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ (၂၄၀)ဘီလီယံခန့် အပါအဝင် အမေရိကန်ဒေါ်လာ (၃၈၀) ဘီလီယံအထိ တိုးမြင့်လာခဲ့ကြောင်း စက္ကူဖြူစာတမ်းတွင် ဖော်ပြထားကြောင်း သိရှိရ ပါသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၁)ထရီလီယံနီးပါး ပါဝင်သည့် BRI ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းပေါင်း (၃၀၀၀) ကျော်ကို စတင်ခဲ့ကြောင်း၊ ရထားလမ်းများ၊ တံတားများနှင့် ပိုက်လိုင်းများကဲ့သို့သော အဆိုပါစီမံကိန်းများသည် အာရှတိုက်ရှိ ဒေသခွဲများအကြား ချိတ်ဆက်ပေးသည့်အပြင် အာရှ၊ ဥရောပနှင့် အာဖရိကတိုက်ကြီးများကို ချိတ်ဆက်ပေးသည့် အခြေခံအဆောက်အဦကွန်ရက်ကို တည်ဆောက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အခြေခံအဆောက်အဦချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေခြင်းဖြင့် BRI ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ရုံသာမက မဖွံ့ဖြိုးသေးသောနိုင်ငံများ အထူးသဖြင့် ကုန်းတွင်းပိတ်နိုင်ငံများကို ကမ္ဘာ့ကုန်သွယ်ရေးတွင် ပါဝင်လာနိုင်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်စေကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်သူ Liu Nanxing က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

BRI မူဘောင်အောက်မှ အပြန်အလှန်ချိတ်ဆက်ထားသော အခြေခံအဆောက်အဦများသည် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့်ထောက်ပံ့ရေးကွင်းဆက်များကို တည်ငြိမ်စေရန်နှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရန် ဆောင်ရွက်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း Beijing Normal University မှ Belt and Road School မှ အမှုဆောင်ဒါရိုက်တာ Hu Biliang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် BRI သည် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များတွင် ပါဝင်နိုင်စေရန်အတွက် မဖွံ့ဖြိုးသေးသောနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများက လိုအပ်သည့် စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်ဟု Hu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဇွန်လကုန်အထိ တရုတ်နိုင်ငံသည် နိုင်ငံပေါင်း (၄၀)ကျော်နှင့် စက်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မိတ်ဖက်နိုင်ငံများရှိ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း၍ တရုတ်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံရပ်ခြားရှိ စက်မှုဇုန် (၇၀)ကျော်ကို တည်ဆောက်ခဲ့ကြောင်း အဆိုပါစက္ကူဖြူစာတမ်းအရ သိရှိရပါသည်။

ကမ္ဘာ့ဘဏ်မှ သုတေသနရလဒ်များကို ကိုးကား၍ Beijing Normal University မှ ပညာရှင် Wang Lei က BRI သယ်ယူပို့ဆောင်ရေးကွန်ရက်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးလာခြင်းကြောင့် BRI နိုင်ငံများ၏ GDP တိုးတက်မှုနှုန်းကို ပိုမိုမြင့်တက်လာစေကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအနည်းငယ်မှသာ ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးထားချိန်တွင် မတူညီသောဒေသများရှိ နိုင်ငံများ၊ မတူညီသော ဖွံ့ဖြိုးတိုးတက်မှု အဆင့်များနှင့် မတူညီသော ယဉ်ကျေးမှုများ ပါဝင်ခြင်းဖြင့် BRI သည် ကမ္ဘာ့စီးပွားရေးတွင် ပွင့်လင်းမြင်သာစွာနှင့် အားလုံးပါဝင်နိုင်သည့် တိုးတက်မှုကို ဖော်ဆောင်ခဲ့သည်ဟု ကျွမ်းကျင်သူများက ပြောကြားထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံသည် ယခုအချိန်အထိ ကမ္ဘာ့တိုက်ကြီး(၅) ခုမှ နိုင်ငံပေါင်း (၁၅၀)ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း (၃၀)ကျော်တို့နှင့် BRI ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (၂၃၀) ကျော်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်က ၂၀၃၀ ပြည့်နှစ်တွင် BRI နှင့် ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများသည် လူပေါင်း (၇.၆)သန်းကို အလွန်အမင်းဆင်းရဲမွဲတေမှုမှ လွတ်မြောက်နိုင်စေမည်ဖြစ်ပြီး (၃၂)သန်းကို အလယ်အလတ်ဆင်းရဲတွင်းမှ ကယ်တင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Source: [www.chinadaily.com.cn/a/202310/23/WS6535c8daa31090682a5ea110.html](www.chinadaily.com.cn/a/202310/23/WS6535c8daa31090682a5ea110.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွက် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း ထုတ်ပြန်ခြင်း

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွက် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food Price Index) ကို ၆-၁၀-၂၀၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာ စက်တင်ဘာလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ယေဘုယျအားဖြင့် ပြောင်းလဲမှုမရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့ခြင်းနှင့် ပတ်သက်၍ "FAO Food Price Index unchanged in September" ခေါင်းစဉ်ဖြင့် ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် -

စက်တင်ဘာလတွင် ဟင်းသီးဟင်းရွက်ဆီ၊ နို့နှင့် အသားဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကာ သကြားနှင့် ပြောင်းဆံဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့သော်လည်း နိုင်ငံတကာစားသောက်ကုန်ဈေးနှုန်းများမှာ ယေဘုယျအားဖြင့် တည်ငြိမ်ခဲ့ကြောင်း၊

စက်တင်ဘာလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ၁၂၁.၅ မှတ်ရှိခဲ့ပြီး၊ ပြီးခဲ့သည့်လတွင် ရှိခဲ့သည့် ညွှန်းကိန်း ၁၂၁.၄ မှတ်နှင့် နှိုင်းယှဉ်လျှင် ၀.၁ မှတ်သာ မြင့်တက်ခဲ့ကြောင်း၊ နံ့စားသီးနှံဈေးနှုန်းညွှန်းကိန်းသည် ဘရာဇီးလ်နိုင်ငံတွင် ဝယ်လိုအား မြင့်တက်ခဲ့ခြင်း၊ အာဂျင်တီးနားနိုင်ငံတွင် တောင်သူများ သီးနှံရောင်းချမှု နှေးကွေးခဲ့ခြင်းနှင့် အမေရိကန်နိုင်ငံ၊ မစ္စစ္စပီမြစ်တွင် ရေမျက်နှာပြင်ကျဆင်းကာ ကုန်တင်ကုန်ချခဈေးနှုန်း ကြီးမြင့်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတကာ ပြောင်းဆံဈေးနှုန်းမှာ ၇.၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ပြီးခဲ့သည့်လထက် ၁.၀ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊

ရှုရှားနိုင်ငံတွင် ဂျုံသီးနှံများ လုံလောက်ပြည့်လျှံစွာ တင်ပို့နိုင်မှုနှင့် ထုတ်လုပ်မှုအလား အလာကောင်းများကြောင့် နိုင်ငံတကာဂျုံဈေးနှုန်းများမှာ ၁.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အလားတူ ဆန်အားလုံး၏ ဈေးနှုန်းညွှန်းကိန်းများမှာ ဝယ်လိုအား ကျဆင်းခဲ့မှုကြောင့် ၀.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်းသည် ရာသီပေါ် ဆီထွက်သီးနှံများထုတ်လုပ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ တင်ပို့မှုများ မြင့်တက်ခဲ့မှုတို့ကြောင့် စားအုန်းဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီနှင့် မုန်ညင်းဆီများ၏ နိုင်ငံတကာဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကာ ယခင်လထက် ၃.၉ ရာခိုင်နှုန်း ဆက်လက်ကျဆင်းခဲ့ကြောင်း၊

သကြားဈေးနှုန်းညွှန်းကိန်းသည် လာမည့်ရာသီအတွက် ကမ္ဘာလုံးဆိုင်ရာပို့ကုန် တင်းကျပ်မှုအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည့်အကြားမှ ဩဂုတ်လထက် ၉.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အဓိက သကြားထုတ်လုပ်သည့် ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့တွင် ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း အစောပိုင်းခန့်မှန်းချက်များနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း၊ သို့ရာတွင် ဘရာဇီးလ်နိုင်ငံတွင် ကြံရိတ်သိမ်းမှု စတင်လုပ်ဆောင်လျက်ရှိခြင်းကြောင့် ကမ္ဘာ့သကြားဈေးနှုန်းများလစဉ်မြင့်တက်မှုကို ကန့်သတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊

နို့ထွက်ပစ္စည်းဈေးနှုန်းညွှန်းကိန်းသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်ယူတင်သွင်းမှု အနည်းငယ်ကျဆင်းခဲ့ခြင်းနှင့် အဓိက နို့ထုတ်လုပ်သောဒေသများတွင် စတော့ရှယ်ယာများ ဈေးနှုန်းမြင့်တင်ခဲ့ခြင်းတို့ကြောင့် ဩဂုတ်လမှ ၂.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ကိုးကြိမ်မြောက် ဆက်တိုက်ကျဆင်းခဲ့ကြောင်း၊

အသားဈေးနှုန်းညွှန်းကိန်းသည်လည်း ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား နှေးကွေးခဲ့ခြင်းနှင့် အသားတင်ပို့မှု မြင့်တက်ခဲ့ခြင်းတို့ကြောင့် ဝက်၊ ကြက်၊ ဘဲနှင့် သိုးသားများအတွက် နိုင်ငံတကာဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကာ ဩဂုတ်လထက် ၁.၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် အထူးသဖြင့် အမေရိကန်နိုင်ငံတွင် အမဲသားဝယ်ယူတင်သွင်းမှု ခိုင်မာစွာဆက်လက်တည်ရှိနေခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် အမဲသားဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး

ရောမမြို့

……………………………………………………………………………………………